# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၇)ရက်မြောက်နေ့ အစီအစဉ်

# [ ၇-၇-၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေ ကျပ် (၁၅)သိန်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **ဆေးတက္ကသိုလ်ဝင်ခွင့် သတ်မှတ်ရာတွင် ကျောင်းသူများ၏ ဝင်ခွင့်အမှတ်မှာ ကျောင်းသားများထက် မြင့်မားနေပါသဖြင့် ကန့်သတ်ချက်အား ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့၊ အရှေ့ခိုဘွေ အ.လ.က(ခွဲ) ကျောင်းအား အ.လ.ကကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်၊ အ.လ.က (ခေါဘူဒဲ)နှင့် အ.လ.က(ဒီးလာဝါဇီ)ကျောင်းများတွင် အရေးတကြီး လိုအပ်သော ကျောင်းဆောင် ၆ ခန်းတွဲ တစ်ထပ်ပျဉ်ကာ ပျဉ်ခင်းသွပ်မိုး အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ အ.ထ.က(ခွဲ) နတ်ရေကန်၊ အောက်ခရမ်း၊ တောင်ဘက်ကမ်းနှင့် ကုက္ကိုတို့ကို အ.ထ.ကများအဖြစ်လည်းကောင်း၊ အ.လ.က မိုးခိုင်ကြီးကို အ.ထ.က(ခွဲ) အဖြစ်လည်းကောင်း၊ အ.လ.က(ခွဲ) ညဏ်ကျွန်း၊ ဝဲပြန်၊ ဇီးပင်၊ ကျိုက်ပဒိုင်ကြီး၊ ကပင်၊ ကွဲဖြူချောင်း၊ ကသဲကုန်း၊ ကလိုင်၊ ကသစ်ဝိုင် နှင့် အောက်တကဲကျောင်းများကို အ.လ.ကအဖြစ်လည်းကောင်း၊ အ.မ.က(ခွဲ) ကုလားတဲစုကို အ.မ.ကအဖြစ်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး ခရာစုရွာဟောင်း တွဲဖက် မူလတန်းကျောင်းနှင့် ကိုယ်အားကိုယ်ကိုး စံပြလေး တွဲဖက်မူလတန်းကျောင်းကို မူလတန်း ကျောင်း(ခွဲ) အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းသား ဦးရေနှင့် ဆရာအချိုးမညီမျှသော ကျောင်းများတွင် လိုအပ်သော ဆရာများ ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ တွင် တည်ဆောက်ရန် ဘတ်ဂျက်ကျသည့် ကျောင်းများအား ကျေးရွာကော်မတီ ဆောက်လုပ်ခွင့်တောင်းခံပါက ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"တာတမံ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။